ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ – ၂၀၂၁)

(Village Development Project)

နမ့်တွန်းကျေးရွာအုပ်စု၊ ဘုံမွန်ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘုံမွန်ကျေးရွာ၊ လားရှိုးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၁ခုနှစ်၊ ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	ဘုံမွန်ကျေးရွာသယံဇာတပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၆
	ဘုံမွန်ကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ လာ:ရှိုးမြို့နယ်	၇
	ဘုံမွန်ကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၉
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၉
၃။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၁၁
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၁၂
	(က) သီးနှံစိုက်ပျိုးရေး	၁၂
	(ခ) မွေးမြူရေးလုပ်ငန်း	၁၃
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၄
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၄
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်	၁၄
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၅
၆။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၅
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၅
	(ခ) ကျေးရွာမီးလင်းရေး	၁၅
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၅
၇။	ပညာရေး	၁၅
၈။	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၆
၉။	ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၇
၁၀။	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	၁၇
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၇
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး	၁၇

၁၃။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	**၁၈**
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	
	စီမံချက်အဆိုပြုလွှာ(၁)	၂၀
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၂
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၃
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏


ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။


ဩဂုတ်လ၊ ၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဘုံမွန်ကျေးရွာ
လားရှိုးမြို့နယ်

ဘုံမွန်ကျေးရွာသယံဇာတပြမြေပုံ၊ လားရှိုးမြို့နယ်



ဘုံမွန်ကျေးရွာရာသီခွင်ပြပြကွဒိန်၊ လားရှိုးမြို့နယ်



ဘုံမွန်ကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊ လား:ရှိုးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ကျွန်တော်တို့ဘုံမွန်ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်တွင် တည်ရှိပါသည်။ လားရှိုးမြို့၏ အရှေ့တောင်ဘက်အရပ်တွင် တည်ရှိပြီး လားရှိုးမြို့နှင့် (၂၄)မိုင်ခန့် ကွာဝေးပါသည်။ ဘုံမွန်ကျေးရွာ၏ အရှေ့နှင့်တောင်ဘက်တွင် လယ်ကွင်းများ ရှိပြီး အနောက်နှင့် မြောက်ဖက်တို့တွင် ရေထွက်ဦး၊ တောတောင်နှင့်သစ်တောများရှိပါသည်။ ကျွန်တော်တို့ ကျေးရွာတွင် **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ၊ ကျောက်၊ သဲ၊ ကျောက်စရစ်များကို ယခင်ကလည်း မရရှိနိုင်သလို ယခုတွင်လည်း မရှိနိုင်ပါ။ လွန်ခဲ့သောနှစ်ကာလများက ကျွန်တော်တို့ရွာတွင် သစ်တောများရှိ**ပါသည်။ ယခုအခါတွင် ရွာသူရွာသားများသည် သစ်တောများကို စည်းကမ်းမဲ့စွာ ခုတ်ယူခြင်းများကြောင့် သစ်တောများပြုန်းတီးခဲ့ရ ပါသည်။ ကျွန်တော်တို့ရွာတွင် သဘာဝအပင်မျိုးစေ့များနှင့် ဆေးဘက်ဝင်အပင်များကို အနည်းငယ်ရရှိနိုင် ပါသည်။နွားစာအပင်များကိုလည်း ရရှိနိုင် ပါသည်။ သို့သော်လည်း ယခုအခါတွင် တောမီးလောင်မှုကြောင့် အချို့ဆေးဘက်ဝင်အပင်များကို မရရှိနိုင်တော့ **ပါ။**

၂။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ကျွန်တော်တို့ဘုံမွန်ကျေးရွာတွင် အိမ်ထောင်စု(၄၂)အိမ်ရှိပြီး၊ မြောင်ဇီးလူမျိုးများ အများစုနေထိုင်ကြပါသည်။ လူဦးရေစုစုပေါင်း(၂၉၂)ဦးဖြစ်ပြီး ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄-၅)ဦးရှိပါသည်။ ဘုံမွန်ကျေးရွာတွင် နို့စို့အရွယ် ကျား(၅)ဦး၊ မ(၇)ဦး၊ ၅နှစ်အောက်ကလေးငယ် ကျား(၁၀)ဦး၊ မ(၁၇)ဦး၊ မူလတန်းကျောင်းသားအရွယ် ကျား (၁၅)ဦး၊ မ(၂၉)ဦး၊ အလယ်တန်းကျောင်းသားအရွယ် ကျား(၁၁)ဦး၊ မ(၁၆)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၈၇)ဦး၊ မ(၇၉)ဦး၊ သက်ကြီးရွယ်ကြီး ကျား(၅)ဦး၊ မ(၅)ဦး ရှိပါသည်။ နို့စို့အရွယ်ကလေးများ အားလုံးကာကွယ်ဆေးထိုးနှံကြပါသည်။ ကလေးများ အားလုံးအသက်(၆)နှစ်ပြည့်လျှင် မူလတန်းပညာကို သင်ယူကြပါသည်။ ရွာအနီးတွင် အလုပ်အလွန်ရှားပါးသောကြောင့် လူငယ်လူရွယ်များသည် အများအားဖြင့် အခြားဒေသများသို့ သွားရောက် အလုပ် လုပ်ကိုင်ကြရ ပါသည်။

၃။ စီးပွားရေးအခြေအနေ – ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး

ကျွန်တော်တို့ဘုံမွန်ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ ကျွန်တော်တို့ရွာ၏ လယ်ယာစိုက်ပျိုးရေးသည် မိုးရွာမှမိုးရေကို စိုက်ပျိုးရေအဖြစ် အသုံးပြုကြပါသည်။ မိုးရာသီမှလွဲ၍ နွေနှင့်ဆောင်းရာသီများတွင် အခြားသီးနှံများကို စိုက်ပျိုး၍ အဆင်မပြေ ပါ။ တောင်ယာများတွင် စပါးနှင့်ပြောင်းများကို စိုက်ပျိုးကြ ပါသည်။ အချို့သော အိမ်ထောင်စုများသည် ပြောင်း တစ်မျိုးတည်းကိုသာ စိုက်ပျိုးကြ ပါသည်။ ပြောင်းကို ရောင်းချရန်အတွက်သော်လည်းကောင်း၊ ဝက်စာအတွက်သော် လည်းကောင်း၊ စားသုံးရန်အတွက်သော်လည်းကောင်း စိုက်ပျိုးကြပါသည်။ ပြောင်းစိုက်ပျိုးရာတွင် ပြောင်းဖူးများပိုးပါခြင်းများ ဖြစ်ပေါ်ပါက ပြောင်းအထွက်နှုန်းနည်းခြင်း၊ ဈေးနှိမ်ခံရခြင်းများ ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ယာမြေ/တောင်ယာမြေ (၁၂၉၉)ကေရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် လယ်မြေမရှိပါ။ အများစုသည် တောင်ယာမြေဖြစ်သည်။ ချေးငွေများကို မိတ်ဆွေနှင့် ဆွေမျိုးအချင်းချင်းထံတွင် ချေးယူရရှိပြီး သီးနှံမျိုးစေ့၊ ဓါတ်မြေဩဇာများ၊ သွင်းအားစုများကို ဝယ်ယူရရှိနိုင်ပါသည်။ အချို့ တောင်သူများသည် တောင်ယာမြေများရှိသော်လည်း အရင်းအနှီးမလုံလောက်ခြင်း၊ အလုပ် သမား ငှားရမ်းခမတတ်နိုင်ခြင်းများကြောင့် မစိုက်ပျိုးနိုင်ကြပါ။ ပေါင်းသတ်ဆေးနှင့်၊ မြေဩဇာများမသုံးနိုင်ခြင်း ကြောင့် သီးနှံအထွက်နည်းပါ သည်။

ဘုံမွန်ကျေးရွာတွင် အိမ်ထောင်စု(၄၂)အိမ်ရှိသည့်အနက် (၂၅)အိမ်သည် ကိုယ်ပိုင်လယ်ယာလုပ်ကိုင်သူများဖြစ်ပြီး (၁၇)အိမ်သည် ငှားရမ်းလုပ်ကိုင်သူများဖြစ်သည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်ရာတွင် အလုပ်သမားငှားရမ်းခြင်း အလွန်နည်းပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ဒေသသည် တောင်တန်းဒေသဖြစ်၍ လယ်မြေများ ကျယ်ကျယ်မရှိပါ။ ကျွန်တော်တို့ကျေးရွာအနီးတွင် အလုပ်အကိုင်အလွန်ရှားပါးသဖြင့် လူငယ်လူရွယ်များသည် ရပ်ဝေးသို့သွားရောက်ကာ အလုပ်လုပ်ကိုင်ကြရပါသည်။ စပါးတိုးငွေတိုးများက အတိုးနှုန်းမြင့်၍ ပြန်ဆပ်ချိန် စပါးအထွက်နှုန်း မကောင်းလျှင် ဝမ်းစာအတွက် အဆင်မပြေသူများလည်း ရှိပါသည်။ ကျွန်တော်တို့ဘုံမွန်ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သော လူဦးရေမှာအလွန်များပြီး ထိုင်စားသူများမှာ အနည်းငယ်သာရှိပါသည်။ အဝေးတစ်နေရာမှ သွားရောက်အလုပ်လုပ်နေသောသူထံမှ ပြန်ပို့ငွေကိုမှီခိုနေရသော အိမ်ထောင်စု(၁)စုရှိပါသည်။ (၂)လခြား(သို့) (၃)လခြား တစ်ခါငွေလွှဲလုပ်ငန်း(ဟွန်ဒီ)မှတဆင့်ပေးပို့ပါသည်။ မှီခိုနေရသော မိသားစုသည် မိခင်တစ်ဦးတည်း နေထိုင်သူဖြစ်ပြီး အသက်ကြီး၍ အင်အားမရှိသဖြင့် တစ်နေ့အလုပ်လုပ်လျှင် ခေါင်းကိုက်ခြင်း၊ ဖျားနာခြင်း ဝေဒနာများကိုခံစားရကာ အလုပ်မလုပ်နိုင် သောကြောင့် ရပ်ဝေးထံမှ ငွေကိုမျှော်၍ သုံးစွဲနေရခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ဘုံမွန်ကျေးရွာတွင် နေ့စားကျပန်းလုပ်ငန်းလုပ်ကိုင်သော အလုပ်သမား အလွန်နည်းပါသည်။ အကြောင်းမှာ များသောအားဖြင့် တောင်ယာများကို ကိုယ်တိုင်

လုပ်ကိုင်ကြပြီး အလုပ်သမားများ ငွားရမ်းခြင်းမရှိသောကြောင့်ဖြစ်ပါသည်။ တောင်ယာများ လုပ်ကိုင်ပြီးမှသာလျှင် အခြားဒေသသို့ သွားရောက်ပြီး နေ့စား၊ လခစားအလုပ်သမားအဖြစ် သွားရောက် လုပ်ကိုင်လေ့ရှိကြ ပါသည်။ အချို့အလုပ်လုပ်ကိုင်နေသောသူများသည် စားဝတ်နေရေးအဆင်ပြေ လည်ရုံနှင့် အကြွေးဆပ်နိုင်ရုံလောက်သာ အဓိကအားထားနေရပါသည်။ တစ်နေ့လုပ်တစ်နေ့စားသာ ဖြစ်ပြီး ပိုလျှံမှုမရှိပါ။

ဘုံမွန်ကျေးရွာ၏ (၄၂.၈၅%)သည် မြေယာမဲ့သူများ ဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုများ ဖြစ်ကြသည်။ တချို့သော မြေယာမဲ့အိမ်ထောင်စုများသည် တစ်နေ့လုပ်တစ်နေ့စား၍ အသက်မွေးဝမ်း ကျောင်းပြုကြပြီး၊ တချို့သော မြေယာမဲ့အိမ်ထောင်စုများသည် မြေပိုင်ဆိုင်သောသူများထံမှ တောင် ယာများကို တစ်နှစ်စာငှားရမ်း၍ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ မြေပိုင်ဆိုင်မှု(၂.၃၈%)သည် ဆင်းရဲသားတောင်သူများဖြစ်ပြီး မြေယာအနည်းငယ်ရှိပါသည်။ မြေပိုင်ဆိုင်မှု(၄၀.၄၇%)ရှိသော တောင်သူငယ်များသည် လယ်ယာမြေလုံလောက်မှုရှိပြီး၊ မြေပိုင်ဆိုင်မှု (၁၁.၉၀%)ရှိသော တောင်သူ လတ်များသည် လယ်မြေပိုင်ဆိုင်မှုဧကများပါသည်။ မြေပိုင်ဆိုင်မှု (၂.၃၈%)ရှိသော တောင်သူကြီး သည် လယ်မြေပိုင်ဆိုင်မှုဧကများပါသည်။

ကျွန်တော်တို့ ဘုံမွန်ကျေးရွာတွင် ခြွေလေ့စက်(၂)စီး၊ မြက်ရိတ်စက်(၂၇)ခုရှိပါသည်။ ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်မှုမှာ စက်ကိရိယာပိုင်ဆိုင်သည့် အိမ်ထောင်စု အနည်းငယ် သာရှိပြီး အများစုမှာ နီးစပ်ရာရွာမှငှားရမ်း အသုံးပြုကြရပါသည်။ ထိုသို့ ငှားရမ်းသုံးစွဲရာတွင် ငှားရမ်းခ မယူဘဲ ဝိုင်းလုပ်ဝိုင်းစားသဘောဖြင့်သာ ကူညီဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် စက်ကိရိယာများ ဝယ်ယူရန် ငွေကြေးမတတ်နိုင်ခြင်းကြောင့် မိမိလုပ်အားဖြင့်သာ ကြိုးစားစိုက်ပျိုးကြပါသည်။

ကျွန်တော်တို့ ဘုံမွန်ကျေးရွာတွင် ကြက်၊ ဝက်၊ ဘဲများကိုသာ အဓိကထား၍ မွေးမြူကြ ပါသည်။ ကြက်၊ ဝက်၊ ဘဲ များကို အိမ်ခြံဝင်းအတွင်း၌ ခြံခတ်၍ မွေးမြူကြပါသည်။ အိမ်တွင် စားသုံးရန်နှင့်အနည်းငယ်ရောင်းချရန်အတွက်သာ မွေးမြူကြပါသည်။ တခါတရံရောင်းချခြင်း မရှိဘဲ နေအိမ်တွင် အသားပေါ်၍ ဆွေမျိုးသားချင်း၊ အသိမိတ်ဆွေများအား အလကားဝေငှပေးပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် အရင်းအနှီးလိုအပ်သောကြောင့် တစ်ပိုင်တစ်နိုင်သာမွေးမြူကြပြီး စီးပွားဖြစ် မွေးမြူနိုင်ခြင်းမရှိပေ။

၄။ ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်တော်တို့ဘုံမွန်ကျေးရွာတွင် စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ အလွန်ဆင်းရဲသော အိမ်ထောင်စု မရှိသလောက် နည်းပါးပြီး ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်နပ်မှန်အောင် စားသောက်နိုင်ပါသည်။ ငွေချေးယူရာတွင် မိတ်ဆွေနှင့်ဆွေမျိုးများထံတွင် ချေးငွေကို ရယူကြပြီး စားသုံးရန်နှင့် ကျန်းမာရေး၊

ပညာရေးကဏ္ဍများတွင် အသုံးပြုကြပါသည်။ ကျွန်တော်တို့ရွာတွင် အဖိုးတန်သစ်တောများ ပြုန်းတီးလာခြင်းကြောင့် မိုးခေါင်ခြင်း၊ မြေဆီလွှာပျက်စီးခြင်း အနည်းငယ်ခံစားကြရပါသည်။ စိုက်ပျိုးချိန်တွင် ရာသီဥတုမမှန်ခြင်း၊ မိုးခေါင်ခြင်းများဖြစ်ပေါ်ပါက စိုက်ပျိုးရေမလုံလောက်မှုများ ရှိလာနိုင်ပါသည်။ သစ်ဝါးများကို ခုတ်ယူသုံးစွဲကျသော်လည်း သစ်ပင်များ စိုက်ပျိုးခြင်းမရှိပါ။ ကျေးရွာရှိ လူငယ်များသည် အလုပ်ကိုင်ရှားပါးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တို့ကြောင့်သော်လည်းကောင်း၊ ဆင်းရဲသား တောင်သူတို့သည် သီးနှံစျေးကွက်မရှိခြင်း၊ အလုပ်ကိုင်ရှားပါးခြင်းကြောင့် ထိခိုက် သက်ရောက်မှုခံရနိုင်သည့်သူများဖြစ်ပါသည်။

၅။ ကျန်းမာရေးနှင့်အာဟာရ

ကျွန်တော်တို့ဘုံမွန်ကျေးရွာတွင် မိုးဦးရာသီအစ၌ နှာစေးချောင်းဆိုးရောဂါကို အနည်းငယ် ခံစားကြရပါသည်။ ဖေဖော်ဝါရီလနှင့် မတ်လတွင် ဆင်တုတ်ကွေးရောဂါကို အနည်းငယ်ခံစားကြရ ပါသည်။ ဧပြီလနှင့်မေလများတွင်လည်း နှာစေး/ချောင်းဆိုးရောဂါကို ထပ်မံခံစားကြရပါသည်။ ဓာတ်မတည့်ချောင်းဆိုးနှင့် အခြားရောဂါများလည်း အနည်းငယ်ခံစား ကြရပါသည်။

၆။ ပညာရေးနှင့်ကျွမ်းကျင်မှု

ကျွန်တော်တို့ ဘုံမွန်ကျေးရွာ၏ ပညာရေးမှာ အလွန်မှေးမိန်လွန်းလှပါသည်။ စာမတတ်သူ ဦးရေ ကျား(၂၈)ဦး၊ မ(၃၆)ဦး၊ မူလတန်းအဆင့်ရှိသူဦးရေ ကျား(၄၅)ဦး၊ မ(၃၄)ဦး၊ အလယ်တန်း အဆင့်ရှိသူဦးရေ ကျား(၁၉)ဦး၊ မ(၂၂)ဦး၊ အထက်တန်းအဆင့်ရှိသူဦးရေ ကျား(၁၀)ဦး၊ မ(၉)ဦး၊ တက္ကသိုလ်အဆင့်ရှိသူဦးရေ ကျား (၁)ဦး၊ မ(-)ဦး ရှိ**ပါသည်။** စာမတတ်သူဦးရေများပြီး အလယ်တန်း ကျောင်းထွက်သူဦးရေများပါသည်။ ကျွန်တော်တို့ကျောင်းတွင် အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်း သာရှိသောကြောင့် ရွာတွင်ရှိသောအတန်းအထိသာ သင်ယူနိုင် ကြပါသည်။ ကျောင်းသား မိဘ များသည် မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေရသည့်အတွက် သားသမီးများ၏ ပညာရေးကို မကြည့်ရှုနိုင်ပေ။ ကျောင်းဆက်တက်ချင်သော်လည်း အဆင်မပြေသောမိဘများကို ငဲ့ညှာကာ အထက်တန်းကျောင်းကို ဆက်မတက်နိုင်တော့ပါ။ ဆက်လက်ပညာသင်ယူဆည်းပူး ချင်သော်လည်း အဆင်မပြေသည့်မိဘများကို ကူညီခြင်း၊ အခြားနေရာ ဒေသများသို့ သွား၍ အလုပ် လုပ်ကိုင်ကြပါသည်။ ကျွန်တော်တို့ရွာနှင့်အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းမှာ အလွန်ဝေး ကွာလွန်းလှပါသည်။ ငွေကြေးတတ်နိုင်သော မိဘများကသာ ၎င်းတို့၏ သားသမီးများကို မြို့ပေါ်၌ ကျောင်းထားနိုင်ကြပါသည်။ ကျွန်တော်တို့ကျေးရွာတွင် ဘွဲ့ရပညာတတ်(၁)ဦးသာလျှင်ရှိပါသည်။

၇။ ကျား–မ ဆက်နွယ်မှု

ယခင်ကျွန်တော်တို့ရွာရှိ ရွာသူရွာသားများသည် အသိအမြင်နည်းပါးပြီး အမျိုးသမီးများကို ဦးစားပေးမှုမရှိပါ။ အမျိုးသမီးများသည် နေ့စဉ်အိမ်အလုပ်တွင်သာ အချိန်ကုန်ကြပြီး အမြင်မရှိခြင်း၊ ဒေသ၊ မြို့များ တစ်နေရာနှင့်တစ်နေရာဝေးကွားပြီး လမ်းသွားလမ်းလာ စိတ်မချရမှု တို့ကြောင့် ပြင်ပအတွေ့အကြုံနည်းပါးပါသည်။ အမျိုးသမီးများသည် မိမိတို့စားဝတ်နေရေးကိုသာ အားစိုက်နေရသဖြင့် လူမှုအဖွဲ့အစည်း နှင့် ကျေးရွာ၏ စီမံအုပ်ချုပ်မှုများတွင် ပါဝင်မှုဦးဆောင်နိုင်မှုမရှိပါ။ ကျွန်တော်တို့ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများမှ ကူညီထောက်ပံ့ပေးမှုနှင့် အသိပညာပေးမှုများမရှိပါ။ ကျေးရွာ၏ သာရေး/နာရေး ကိစ္စရပ်များတွင် အမျိုးသမီးများက ချက်ပြုတ်ရေး တာဝန်ယူပြီး အမျိုးသမီးငယ်များက ကျွေးမွေးမှု တာဝန်ကို ယူကြပါသည်။ ယခုတွင် ရွာသူရွာသားများအသိအမြင်များ ပွင့်လင်းလာကာ အမျိုးသား/အမျိုးသမီးမခွဲခြားဘဲ တန်းတူအခွင့်အရေးထားကာ အမျိုးသမီးများသည် မည်သည့်ကဏ္ဍတွင်မဆို ပါဝင်လာသည်ကို တွေ့ရသည်။ သို့သော် အချို့သောကဏ္ဍများတွင် ပါဝင်မှုမရှိသေးသည်ကိုလည်း တွေ့ရသည်။ လူလွတ်အမျိုးသမီးများမှာ စားဝတ်နေရေးနှင့် မိသားစုတာဝန်ကို ထမ်းဆောင်ရင်း အချိန်တန်လျှင် ၎င်းတို့၏ဘဝကို မီးဖိုချောင်ထဲတွင်သာ ကုန်ဆုံးနေရ ပါသည်။ အချိန်တန်လျှင် မိသားစုအိမ်ထောင်သစ်ကိုထူထောင်ပြီး သားရေး/သမီးရေး၊ စီးပွားရေးနှင့်သာအချိန်ကုန်နေရပြီး မိမိလုပ်ချင်သော လုပ်ငန်းများကို မလုပ်ဆောင်နိုင်တော့ ပါ။ အမျိုးသားများ၊ မိသားစုများနှင့် ပြင်ပအဖွဲ့အစည်းများမှ ပံ့ပိုးနိုင်လျှင် အမျိုးသမီးများ၏ ဘဝသည် မီးဖိုချောင်ထဲတွင် အချိန်မကုန်ဆုံးတော့ဘဲ ရပ်ရွာနှင့်နိုင်ငံအကျိုးစီးပွားကို သယ်ဆောင်နိုင်သော အမျိုးသမီးများ ကျွန်တော်တို့ဘုံမွန်ရွာတွင် ရှိလာနိုင်မည်ဖြစ် ပါသည်။

၈။ သဘာဝအရင်းအမြစ်များနှင့်ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု

ကျွန်တော်တို့ကျေးရွာသည် လွန်ခဲ့သောနှစ်ကာလများက သဘာဝသစ်တောများ၊ စိမ့်စမ်းရေများ ထွက်ရှိသော ဒေသများဖြစ်ပါသည်။ ယခုအခါတွင် စည်းကမ်းမဲ့စွာ သစ်ခုတ်ခြင်းများကြောင့် သဘာဝမှရသော မြေဆီဩဇာများ လျော့နည်းလာရ ပါသည်။ ချောင်း၊ စိမ့်စမ်းရေများတွင် ရေများလျော့နည်းလာသဖြင့် စိုက်ပျိုးမြေများ အစိုဓာတ်မရှိခြင်းများ ဖြစ်ပေါ်လာပါသည်။ ကျေးရွာအနီးတွင် ရှိသော သစ်တောများ ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ရန် ယခုအခါတွင် ကျေးရွာသူ/သားများသည် သစ်ပင်များ စိုက်ပျိုးရန် စီစဉ်နေကြ ပါသည်။ ဖျက်ပိုးများ ခရုများကျရောက်သည့်အချိန်တွင် နည်းပညာအကူအညီများ မရယူဘဲ နီးစပ်ရာအချင်းချင်း (သို့မဟုတ်)မိမိအစီအစဉ်ဖြင့်သာ ပိုးသတ်ဆေး များဖြန်း၍ နှိမ်နှင်း ကြပါသည်။ စိုက်ပျိုးနည်းပညာဗဟုသုတများမရှိခြင်းကြောင့် ဖျက်ပိုးကာကွယ်ခြင်းများ မပြုလုပ် နိုင်ပါ။ ကျေးရွာတွင် ဆေးဘက်ဝင်အပင်များ အနည်းငယ်ရရှိနိုင်ပါသည်။ ကျွန်တော်တို့ကျေးရွာတွင် စိမ့်စမ်းရေကိုသာ အဓိကအားထား၍ အသုံးပြု ကြပါသည်။ ကျေးရွာ၏စွန့်ပစ် အမှိုက်

များကို လမ်းဘေးနှင့် ချောင်းဘေးတွင်စွန့်ပစ်ခြင်း ၊ အချို့မှာ မိမိအိမ်ခြံဝင်းဌသာ ရှိုပစ်ကြပါသည်။ စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရန်လိုအပ်ပါသည်။

၉။ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ကျွန်တော်တို့ ဘုံမွန်ကျေးရွာတွင် နိုင်ငံတော်မှ ထောက်ပံ့ ပေးထားသော အရင်းမပျောက် လည်ပတ်ရန်ပုံငွေ(မြစိမ်းရောင်ကျေးရွာစီမံကိန်း) ရှိပါသည်။ စီမံကိန်းကို ရန်ပုံငွေကြီးကြပ်မှုကော်မတီမှ ဦးဆောင်၍ အတိုးဝ%၊ အတိုးအရင်းအား တစ်နှစ်တစ်ခါ ပေးဆပ်ရပါသည်။ မိတ်ဆွေ/ ဆွေမျိုးများထံမှလည်း အရေးပေါ် အခြေအနေများတွင် အတိုးနှုန်း(၃)ကျပ်ဖြင့် ချေးယူရရှိနိုင်ပါသည်။

၁၀။ ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွန်တော်တို့ဘုံမွန်ကျေးရွာတွင် မူလတန်းကျောင်းရှိ၍ စာသင်ကျောင်းဆောင် (၂)ဆောင် ရှိပါသည်။ စာသင်ကျောင်းသည် ကျေးရွာ၏အလယ်တွင် တည်ရှိမှုကြောင့် ကလေးများ သွားလာရ အဆင်ပြေမှု ရှိပါသည်။ မူလတန်းကျောင်းကို ၁၉၉၆ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး ယခုအချိန်တွင် အိုမင်း ဟောင်းနွမ်းနေပြီဖြစ်ပါသည်။ ကျောင်းအခင်းအကာများ၊ တံခါးများ၊ ပြတင်းပေါက်များ မှာလည်း ပျက်စီးနေပါသည်။ ထို့ကြောင့် ကျောင်းသား/သူများ၏ လုံခြုံရေးအတွက် စိုးရိမ်နေရပါသည်။ အစိုးရမှ စာသင်ကျောင်းများကို ဆောက်လုပ်ပေးသော်လည်း ယခုအခါတွင် စာသင်ကျောင်းများကို ပြန်လည်ပြုပြင်ခြင်းမရှိခြင်းကြောင့်စာသင်ကျောင်းသည်ပျက်စီးမှုအနည်းငယ်ရှိပါသည်။ စာသင်ကျောင်းသည် ရွာနှင့်(၁)မိုင်ခန့်ကွာဝေးပြီး ကျောင်းသားမိဘများသည် မိမိတို့၏ကလေးများကို ခြေလျင်၊ ဆိုင်ကယ်ဖြင့်သာ ကျောင်းကြိုပို့လုပ်ကြ ပါသည်။ ကျောင်းတွင် ကာယချိန်မရှိခြင်း၊ အားကစားကွင်း၊ စာကြည့်တိုက်များ မရှိခြင်းတို့ကြောင့် ကလေးများသည် စာများကို ကျက်မှတ်ရပြီး အသိပညာဗဟုသုတရရှိမှုနည်း ပါးပါသည်။ ကျွန်တော်တို့ကျေးရွာတွင် အစိုးရခန့်ဆရာမ(၆)ဦးရှိသဖြင့် ကျောင်းဆရာ/မ လုံလောက်မှုရှိပါသည်။ မူလတန်းပညာကျောင်းထွက်နှုန်း မရှိပါ။ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာသုံးစွဲနိုင်မှု လုံလောက်မှုရှိပါသည်။ မိဘဆရာများ အခန်းကဏ္ဍာတွင် (၁)နှစ်မှ (၂)ကြိမ်ခန့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သည်ကိုတွေ့ရှိရပါသည်။ ဘေးအန္တရာယ်ကြောင့် ပျက်စီးခြင်းလည်း မရှိပါ။

ကျွန်တော်တို့ကျေးရွာတွင် ကျေးလက်ဆေးခန်းမရှိ ပါ။ နမ့်တွန်းကျေးရွာအုပ်စုရှိ ကျေးလက်ကျန်းမာရေးဌာနခွဲသည် ရွာနှင့်(၁)မိုင်ခန့်သာ ကွာဝေးပါသည်။ အခန်း/ကုတင်လုံလောက်မှု မရှိသောကြောင့် ဆေးဆရာမများကို ရွာအတွင်း ခေါ်ယူ၍ ကိုယ့်နေအိမ်၌သာ ဆေးထိုးသည်ကများပါသည်။ နမ့်တွန်းအုပ်စုရှိ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဆရာမများက မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုများကို တာဝန်ယူပေးပါသည်။ကာကွယ်ဆေးထိုးရာတွင် ဆရာမအနည်းငယ်သာရှိ၍ အချိန်ကြန့်ကြာမှု

အနည်းငယ်ရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် သူနာပြုအကူသင်တန်းဆင်း(၁)ဦးရှိပါသည်။ မြို့နယ်ဆေးရုံနှင့် (၁၄)မိုင်ခန့် ကွာဝေးသဖြင့် အရေးပေါ်လူနာများ သွားလာရန် အချိန်ကြန့်ကြာမှုရှိပါသည်။ ကျွန်တော်တို့ရွာအနီးအနားတွင် ဆေးဆိုင်များမရှိပါ။

ကျွန်တော်တို့ဘုံမွန်ကျေးရွာတွင် နွေရာသီ၌ သန့်ရှင်းသောသောက်သုံးရေကို စိမ့်စမ်းရေမှ ရရှိပါသည်။ကျွန်တော်တို့ဘုံမွန်ကျေးရွာတွင် အိမ်ထောင်စုအများစုမှာ ရေဆွဲအိမ်သာနှင့် သန့်ရှင်းသောယင်လုံအိမ်သာများကိုသာ အသုံးပြုကြပြီး အိမ်သာမရှိသော အိမ်ထောင်စုအနည်းငယ်ရှိပါသည်။

၁၁။ လူငယ်နှင့်ယဉ်ကျေးမှု

ကျွန်တော်တို့ကျေးရွာရှိ လူငယ်မောင်မယ်များသည် ရိုးရာယဉ်ကျေးမှုကိုအလေးထားသူများဖြစ်ကြပါသည်။ ရိုးရာပွဲတော်များကိုလည်း အလေးထားဆောင်ရွက်သူများဖြစ်ကြပါသည်။ ကျေးရွာအတွင်း လူငယ်များ အနားယူအပန်းဖြေနေရာများမရှိသော်လည်း နှစ်စဉ်နှစ်တိုင်း ဘာသာရေးပွဲတော်၊ ပျော်ပွဲရွင်ပွဲများကို ကျင်းပလေ့ရှိပါသည်။ လူမှုရေးလုပ်ငန်းများ ပေါ်ပေါက်လာပါက တစ်ရွာလုံးဝိုင်းဝန်းလုပ်ဆောင်ကြပါသည်။ ဘာသာရေးလုပ်ငန်းများတွင် ဘာသာရေးနှင့်သက်ဆိုင်သည့် လုပ်ငန်းများကို ရွာလုံးကျွတ်ပူးပေါင်း ပါဝင်ကြပါသည်။ ကျွန်တော်တို့ရွာတွင် လူငယ်များအတွက် အနားယူအပန်းဖြေရန်နေရာများ၊ စာကြည့်တိုက်များမရှိခြင်းကြောင့် လူငယ်များလေ့လာမှုတစ်ရပ် အားနည်းရပါသည်။ ထိုအရာများမရှိခြင်းကြောင့် လူငယ်များ အသိပညာဗဟုသုတစဉ်းစားချင့်ချိန် နိုင်စွမ်းလျော့နည်းလာရပါသည်။ ကျွန်တော်တို့ရွာရှိလူငယ်များသည် မူးယစ်ဆေးသုံးစွဲသူ အလွန်နည်းပါသည်။ လူငယ်များသည် သမရိုးကျတောင်ယာလုပ်ငန်းများကို မိဘများနှင့်အတူ လုပ်ကိုင်ကြပါသည်။ အချို့လူငယ်များသည် ရွာတွင် စီးပွားရေး၊ ငွေရေးကြေးရေးရာဖွေနိုင်မှုနည်းပါးသောကြောင့် ပြည်တွင်း/ပြည်ပနိုင်ငံများသို့ သွားရောက်၍ စီးပွားရှာကြသူများလည်းရှိပါသည်။ ကျွန်တော်တို့ရွာသည် လက်မှုပညာတတ်မြောက်သူနှင့် အသက်မွေးဝမ်းကျောင်းပြုသူရှားပါးသောကြောင့် လူငယ်များပျက်စီးဆုံးရှုံးနေရပါသည်။ ကျေးရွာရှိ လူငယ်များကို ပြင်ပအဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများမှ အသိပညာ၊ အတတ်ပညာသင်တန်းပို့ချမှုနှင့် အခြားဝန်ဆောင်မှုများရရှိလျှင် ကျေးရွာအတွက် အလွန်ပင်အဖိုးတန်သော လူငယ်များ အမြောက်အမြားထွက်ရှိလာမည်ဖြစ်သည်။

၁၂။ အခြေခံအဆောက်အဦးများလက်လှမ်းမီမှု- လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ကျွန်တော်တို့ဘုံမွန်ကျေးရွာ၏ ရွာတွင်းလမ်းများသည် အသင့်အတင့်ကောင်းမွန်ပါသည်။ သို့သော် အချို့လမ်းများသည် မြေသားလမ်းများဖြစ်၍ မိုးရာသီအချိန်တွင် သွားလာရန် အခက်အခဲရှိပါသည်။ ချဉ်းကပ်လမ်းသည် မိုးရာသီအချိန်တွင် ရေများတိုက်စားသောကြောင့် ချိုင့်ခွက်များဖြစ်ပေါ်

ကာ တစ်ရွာမှတစ်ရွာသို့ သွားလာရာတွင်လည်း အခက်အခဲရှိပါသည်။ ကျွန်တော်တို့ရွာ၏ အရှေ့ဘက်တွင် ကွန်ကရစ်တံတား(၁)စင်းရှိပါသည်။ အဆိုပါတံတားကို တစ်နှစ်ပတ်လုံးအသုံးပြုနိုင်သော်လည်း မိုးရာသီ၌ ရေအလွန်ကြီးပါက ရေမြောင်းပိတ်ဆို့မှု အန္တရာယ်ကျရောက်တတ်သည်။ ကျွန်တော်တို့ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအဖြစ် ဆိုင်ကယ်၊ ကားနှင့် ထော်လာကျီများကို အသုံးပြုကြပါသည်။

ကျွန်တော်တို့ဘုံမွန်ကျေးရွာတွင်မဟာဓာတ်အားလိုင်းအသုံးပြုသူအိမ်ထောင်စု(၁၇)စု၊ ဆိုလာစနစ် အသုံးပြုသူအိမ်ထောင်စု(၁၉)စု ရှိပါသည်။ ဆိုလာများမှာ မိမိကိုယ်ပိုင် ဝယ်ယူသော ဆိုလာများဖြစ်သည်။ လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ထောင်စု(၆)စုရှိပြီးပါသည်။

ကျွန်တော်တို့ဘုံမွန်ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၈၅)လုံး၊ တီဗွီ(၁၄)လုံး၊ ဂြိုလ်တုစလောင်း(၃)လုံးမှရရှိပါသည်။ ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပေ။ ကျွန်တော်တို့ရွာသည် ပီအက်စ်အိုင်လေးများကိုဝယ်ယူကာ မြန်မာနိုင်ငံမှထုတ်လွှင့်သော ရုပ်သံလိုင်းများကို ကြည့်ရှုကြပါသည်။ မြို့နှင့်ဝေးကွာသဖြင့် အလွယ်တကူသက်တမ်းမတိုးနိုင်မှုနှင့် ပစ္စည်းပျက်လျှင် ဝန်ဆောင်မှုမရှိခြင်းတို့ကြောင့် အသိပညာရှာဖွေနိုင်မှုနှင့် နိုင်ငံတကာသတင်းများကို မကြားသိနိုင်ကြပါ။ မြန်မာဇတ်ကားနှင့်တရုတ်ဇာတ်လမ်းတွဲများကို ကြည့်ရှုရ၍ အသိပညာတိုးပွားမှုလျော့နည်းနေရပါသည်။

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁	ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း	၁	✔	✔			
၂	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း	၂			✔		
၃	ရေသိုလှောင်ကန်တည်ဆောက်ခြင်း	၃			✔	✔	✔
၄	တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှု များရရှိရန်ဆောင်ရွက်ခြင်း	၄	✔	✔	✔	✔	✔
၅	ပညာရေးအသိပညာပေးဟောပြောပွဲဆောင်ရွက်ခြင်း	၅	✔	✔	✔	✔	✔

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁) ဘုံမွန်ကျေးရွာ

ကျေးရွာ	- ဘုံမွန်ကျေးရွာ
ကျေးရွာအုပ်စု	- နမ့်တွန်းကျေးရွာအုပ်စု
မြို့နယ်	- လား:ရှိုးမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည်- ကျေးရွာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ကျေးရွာလမ်းတွင်ဗွက်များ၊ချိုင့်များဖြစ်နေသောကြောင့်ရွာသူ/သားများ၊ကျောင်းသူ/သားကျောင်းသွားကျောင်းပြန်ရာတွင်၄င်း၊သွားလာရာတွင်အခက်အခဲများရှိပါသည်။ • စီးပွားရေးအတွက်ရောင်းဝယ်ဖောက်ကားရာတွင်အခက်အခဲများဖြစ်စေပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) • မိုးတွင်းကာလမိုးကြီးသည့်အခါများတွင်ဗွက်များ၊ချိုင့်များမရှိစေရန်၊ • ကျောင်းသားကျောင်းသူများပညာသင်ယူမှုတွင်သွားလာရအဆင်ပြေစေရန်၊	
မျှော်မှန်းအကျိုးရလဒ် **(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)** • လမ်းကောင်းမွန်မှုကြောင့်လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။ • ကျောင်းသား/ကျောင်းသူများပညာသင်ယူမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။ • လမ်းကောင်းမွန်မှုကြောင့်စီးပွားရေးရောင်းဝယ်မှုပိုမိုအဆင်ပြေလာမည်။ • ကျေးရွာလည်းယခင်ကထက်ပိုမိုတိုးတက်လာပါမည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) • ကျေးရွာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း(၈၀၀'× ၁၂'× ၆") **စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု**	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀၀(ငွေသား) • ၄၁၅၀၀၀၀(ငွေသား) • ××××××××(ပစ္စည်း/လုပ်အား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၃၉	၁၅၃	၂၉၂	၈	၁၁	၂၃	-	၄၂
အကျိုးခံစားမည့်သူဦးရေ	၁၃၉	၁၅၃	၂၉၂	၈	၁၁	၂၃	-	၄၂
မှတ်ချက်။ ။ချောင်လည်အဆင့်-၁၊အလယ်အလတ်အဆင့်-၂၊ဆင်းရဲ-၃၊အလွန်ဆင်းရဲ-၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် နှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) • **ဘုံမွန်**ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၀၂၂.၂.၁၁၂၁
(၃) စီမံချက်ပြီးစီးမည့်အချိန် - ၈.၄.၂၀၂၁
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာတိုင်ပင်ဆွေးနွေးပါမည်။ • လမ်းခင်းရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။ • လိုအပ်ပါက ပစ္စည်းထည့်ဝင်ပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ • လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။ • လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲလုပ်ဆောင်ပါမည်။ • လမ်းပြုပြင်မှုနှင့် ပတ်သက်၍ရေရှည်တည်တံ့စေရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။ • လမ်းပြုပြင်မှုအားမပျက်စီးအောင်ကျေးရွာသူ/ကျေးရွာသားများအားလုံးထိန်းသိမ်းသွားပါမည်။ • လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

နမ့်တွန်းကျေးရွာအုပ်စု၊ ဘုံမွန်ကျေးရွာ

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဟွေးချန်လူ(ခ)ဟွေချန်လူ	ဦးကြုခိုင်	၁၃/ကလတ(နိုင်) ၀၁၄၀၂၁	၅၆	ဥက္ကဋ္ဌ	၀၉-၄၄၂၈၉၅၁၈၇
၂	ဦးချန်ဆင့်	ဦးရွိုးဖူး	၁၃/လရန(နိုင်) ၁၈၉၄၈၅	၂၄	အဖွဲ့ဝင်	၀၉-၄၅၃၀၅၁၃၃၄၈
၃	ဦးမင်းခန့်သူ	ဦးရန်ရွှမ်း	၁၃/လရန(နိုင်) ၂၀၇၃၁၁	၁၉	စာရင်းကိုင်	၀၉-၈၉၀၅၉၅၆၇၀
၄	ဒေါ်မီးမေ	ဦးဝမ်ယီးတယ်	၁၃/လရန(နိုင်) ၁၈၉၉၄၇	၂၉	ဘဏ္ဍာရေးမှူး	၀၉-၄၄၂၉၀၆၈၄၂
၅	ဒေါ်မိဘာ	ဦးလုံပေါင်း	လျှောက်ထားဆဲ	၁၈	သေ့ကိုင်	၀၉-၂၅၉၄၁၃၂၀၉
၆	ဦးကူပြီဒေ	ဦးရှောက်ပေါက်	၁၃/ကလတ(နိုင်) ၀၃၁၅၃၁	၃၆	သေ့ကိုင်	၀၉-၇၉၅၅၇၂၁၈၂
၇	ဒေါ်မီဆီး	ဦးဝမ်ဆင့်ယူ	၁၃/လရန(နိုင်) ၂၄၈၉၄၂	၃၅	အတွင်းရေးမှူး	၀၉-၂၅၉၅၈၅၆၃၁၁

ဝယ်ယူရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးချန်ဆင့်	ဦးရွိုးဖူး	၁၃/လရန(နိုင်) ၁၈၉၄၈၅	၂၄	ဥက္ကဋ္ဌ	၀၉-၄၅၃၀၅၁၃၃၄၈
၂	ဒေါ်မိဘာ	ဦးလုံပေါင်း	လျှောက်ထားဆဲ	၁၈	စာရင်းကိုင်	၀၉-၂၅၉၄၁၃၂၀၉
၃	ဦးကူပြီဒေ	ဦးရှောက်ပေါက်	၁၃/ကလတ(နိုင်) ၀၃၁၅၃၁	၃၆	ဘဏ္ဍာရေးမှူး	၀၉-၇၉၅၅၇၂၁၈၂

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၅	၇	၁၂		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၀	၁၇	၂၇		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၅	၂၉	၄၄		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၁	၁၆	၂၇		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၈၇	၇၉	၁၆၆		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၅	၅	၁၀		
စုစုပေါင်း		၁၃၉	၁၅၃	၂၉၂		
စုစုပေါင်း အိမ်ထောင်စု						၄၂

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ဘုံမွန်ကျေးရွာတွင် အိမ်ထောင်စု(၄၂)အိမ်ရှိပြီး၊ မြောင်ဇီးလူမျိုးများ အများစုနေထိုင်ကြပါသည်။ လူဦးရေစုစုပေါင်း(၂၉၂)ဦးဖြစ်ပြီး ပျှမ်းမျှတစ်အိမ်ထောင်လျှင် (၄-၅)ဦး ရှိပါ သည်။ နို့စို့အရွယ်ကလေးများ အားလုံးကာကွယ်ဆေးထိုးနှံကြပါသည်။ ကလေးများ အားလုံးအသက်(၆)နှစ်ပြည့်လျှင် မူလတန်းပညာကို သင်ယူကြပါသည်။ ကျေးရွာရှိ လူငယ်လူရွယ်များသည် အများအားဖြင့် အခြားဒေသများသို့သွားရောက် အလုပ်လုပ်ကိုင်ကြသူ များလည်းရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်	၂၆			၆၃	၄၉		မြင့် □ လတ်☑

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၆			၂၅	၂၃		မြင့် ☐ လတ် ☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							နိမ့် □
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။ "အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"** တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ဘုံမွန်ကျေးရွာ၏ အဓိကစီးပွားရေးမှာ တောင်ယာစိုက်ပျိုးရေး ဖြစ်ပါသည်။ တောင်ယာစိုက်ပျိုးရာတွင် စိုက်ပျိုးရေးအဖြစ် မိုးရေကိုသာအားထား၍ စိုက်ပျိုးရပါသည်။ စပါးကိုမိသားစုစားသုံးရန်အတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ အိမ်တွင်စားသုံးရန် မိမိခြံဝင်းအတွင်း အသီးအရွက်များ အနည်းငယ် စိုက်ပျိုးကြပါသည်။ အိမ်ထောင်စုအများစုသည် တောင်ယာကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများဖြစ်ကြပါသည်။ သား/သမီးပညာရေးအတွက် တစ်ဖက်တစ်လမ်းမှ အကူအညီရရှိပါသည်။ ကျေးရွာအနီးတွင် အလုပ်အကိုင်အလွန်ရှားပါးသောကြောင့် အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ကြသူများ လည်းရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၅၀၀၀	၆၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၇၀၀၀	၅၀၀၀	၆၀၀၀	၄၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၉၀၀၀	၆၀၀၀	၇၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ပြင်ဆင်ရေး					
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ အမျိုးသားများသည် အမျိုးသမီးများထက်ပို၍ လုပ်အားခရရှိပါသည်။ အဘယ့်ကြောင့် ဆိုသော် အမျိုးသားများသည် ထွန်စက်များမောင်းနှင်နိုင်ခြင်း၊ အလေးအပင်ပို၍ လုပ်ကိုင်နိုင်ခြင်းတို့ကြောင့် ဖြစ်သည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၂၉	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း		☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် လယ်မြေမရှိပါ။ အများစုသည် တောင်ယာမြေဖြစ်သည်။ မြေဆီလွှာအရည်အသွေးသည် ဓာတ်မြေဩဇာသုံးစွဲမှုကြောင့် ပျက်စီးဆုံးရှုံးမှုများပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

